# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ (၂၈. ၃. ၂၀၁၈) ရက်နေ့တွင် ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ် တင်သွင်းသည့် အဆိုဆိုင်ရာ ဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၅)ဖြစ်ပါတယ်။ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းထွန်းဉာဏ်က အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **"လွှတ်တော်ရေးရာ ကော်မတီများ ကွင်းဆင်း လေ့လာကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက်အမှုတွဲများအပေါ် အစိုးရအဖွဲ့မှ အလေးထားပြီး ဆောင်ရွက်ပေးရန်နှင့် လွှတ်တော်အစည်းအဝေး ကျင်းပအကြိမ်အတိုင်း ရှင်းလင်းတင်ပြပေးရန်"** အဆို ဖြစ်ပါတယ်။ ယခုဦးစိုင်းထွန်းဉာဏ်က အဆိုကိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်ဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းမဲ့အဆိုကတော့ **"လွှတ်တော်ရေးရာ ကော်မတီများ ကွင်းဆင်းလေ့လာ ကြားနာပြီးသုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက် အမှုတွဲများအပေါ် အစိုးရအဖွဲ့မှ အလေးထားပြီး ဆောင်ရွက်ပေးရန်နှင့် လွှတ်တော်အစည်းအဝေးကျင်းပအကြိမ် အတိုင်း ရှင်းလင်းတင်ပြ ပေးရန်"** အဆိုဖြစ်ပါတယ်ခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာဥပဒေ ပုဒ်မ ၂၆ ပြဋ္ဌာန်းချက်နှင့်အညီ ရှမ်းပြည်နယ် လွှတ်တော်အစည်းအဝေးရပ်နားချိန်များတွင် ပြည်သူလူထုမှ လွှတ်တော်ရေးရာကော်မတီ အသီးသီးသို့ တင်ပြလာသော၊ တိုင် ကြားလာသော ကိစ္စရပ်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ရေးရာကော်မတီများမှ ကွင်းဆင်းလေ့လာကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက်များနှင့်အတူ အမှုတွဲများကို လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်အစိုးရအဖွဲ့သို့ ပေးပို့ရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်ကော်မတီသို့ တိုင်ကြားလာသော ပြည်သူလူထုများ၏ နောက်ဆုံးရွေးချယ်မှုသာ ဖြစ်ပါတယ်။ ဆိုလိုရင်းကတော့ သက်ဆိုင်ရာအစိုးရအဖွဲ့ထံသို့ ပြဿနာဖြေရှင်းရန် တင်ပြလာသည့်အခါ အောက်ခြေမှာတွေ့ကြုံ နေရသည်မှာ ယခင်ဌာနမှူးအဆင့်ဆင့် လုပ်ကိုင်ဆောင်ရွက်မှု အနေအထားများကို လက်ရှိဌာနမှူးများက အမှုမှန်သည့် တိုင်အောင် ပြောင်းလဲဆုံးဖြတ်ရန် အလွန်ခက်ခဲပြီး ရှားပါးပါတယ်။ အမှုမှန်သည့်တိုင် ယခင်ဆောင်ရွက်ခဲ့သည့်အတိုင်း ဆုံးဖြတ်ခဲ့ သည်ကို များစွာတွေ့ရှိရပါတယ်။ ဒုတိယဦးစားပေးအနေဖြင့် သက်ဆိုင်ရာ တရားရုံးများကိုလည်း မိမိတို့၏နစ်နာချက်များကို တင်ပြလာတာ ကိုလည်း တွေ့ရှိရပါတယ်။ သက်ဆိုင်ရာ အစိုးရဌာနများ၊ တရားရုံးများ၏ ဆုံးဖြတ်ချက်များ အပြင် နောက်ဆုံးလူထု၏ ရွေးချယ်ခြင်းဖြင့် သက်ဆိုင်ရာလွှတ်တော်များထံ တိုင်ကြားလာတာကိုလည်း တွေ့ရှိရ ပါတယ်။

တိုင်ကြားချက်များနှင့် ကိစ္စအရပ်ရပ်ကို ရှမ်းပြည်နယ် လွှတ်တော်အစိုးရသက်တမ်း (၂)နှစ်တာကာလ အတွင်းမှာ လွှတ်တော် ရေးရာကော်မတီများမှ အစိုးရအဖွဲ့သို့ပေးပို့ထားသော ကွင်းဆင်း လေ့လာကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်များ ပါဝင်သော အစိုးရအဖွဲ့မှ မည်ကဲ့သို့ဆက်လက်ဆောင်ရွက် နေသည်ကို လွှတ်တော်သို့ လွှတ်တော်သက်တမ်း (၂)နှစ် ကာလအတွင်း တစ်ကြိမ်တစ်ခါမျှ ရှင်းလင်းခဲ့ခြင်းမရှိပေ။ ယနေ့ ဦးအားကိုမှလည်း အမှု(၁၁)မှုဖြစ်ကြောင်းကိုလည်း တင်ပြခဲ့ပြီး ကော်မတီမှ အစိုးရ၏ ဆုံးဖြတ်သည့် အနေအထားကို လာရောက် တင်ပြထားသည်ကိုလည်း မြင်တွေ့ရပြီဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးအားကို တင်ပြသွားသည့်အတိုင်း ပြည်သူလူထုမှ နောက်ဆုံး ရွေးချယ်မှုအနေဖြင့် ရှမ်းပြည်နယ်လွှတ်တော်သို့ တိုင်ကြားလာတာ ဖြစ်ပါတယ်။ တိုင်ကြားလာတဲ့ကိစ္စပေါ်မှာ

ကော်မတီ၏ ကွင်းဆင်း လေ့လာသုံးသပ်ချက်၊ အကြံပြုချက်များနှင့်အတူ အစိုးရအဖွဲ့သို့ တင်ပြသည့်အခါတွင် လွယ်လွယ်ကူကူ မဆောင်ရွက်စေဖို့ သတိပြု စေချင်ပါတယ်။ ဆိုလိုရင်းကတော့ သက်ဆိုင်ရာအောက်ခြေ ခရိုင်/ မြို့နယ်အဆင့်များကို မည်သို့ ဆောင်ရွက်သင့်ကြောင်း လွှတ်တော် ကိုယ်စားလှယ်များကို မေးခွန်းဖြေကြားသလိုမဖြစ်စေရန် မေတ္တာ ရပ်ခံချင်ပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အဆင့်မှ အမှုတစ်ခုချင်းစီ အလိုက်သေချာစွာစိစစ်ပြီး ပြန်လည်ဖြေကြားပေးဖို့လိုအပ်ပါတယ်။ ဒီလိုဆောင်ရွက်မှုလည်း လွှတ်တော်ဥက္ကဋ္ဌ ကို တာဝန်ခံနေရတဲ့ လွှတ်တော်ကော်မတီများအားလုံး အချိန်ပေးခဲ့ရမှု၊ ငွေရေးကြေးရေးကုန်ကျခဲ့ရမှု၊ ပြည်သူလူထုရဲ့ နစ်နာဆုံးရှုံးမှု တိုင်ကြားချက်တွေကို ဖြေရှင်းနိုင်မယ်လို့ယုံကြည်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကိုယ်စား ရေးရာ ကော်မတီများမှာ ပြည်သူလူထုများ တင်ပြချက်၊ တိုင်ကြားချက် ကိစ္စရပ်များကို ကွင်းဆင်းလေ့လာကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက်များအပေါ် အစိုးရအဖွဲ့မှ အရေးတယူ ဆောင်ရွက်ပေးရန် လုံးဝ တာဝန်ရှိတယ်လို့ယူဆပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ရေးရာကော်မတီများမှ ပေးပို့ထားသော သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက်များပါဝင်သော အမှုတွဲများကို အစိုးရအဖွဲ့မှ အလေးထားပြီး ဆောင်ရွက်ပေးရန်နှင့် လက်ခံရရှိသော အမှုတွဲ အရေအတွက်၊ အစိုးရအဖွဲ့မှ ဆောင်ရွက်ပြီးစီးမှု အမှုတွဲအရေအတွက်နှင့် အခြေအနေများ၊ ဆောင်ရွက်ရန်ကျန်ရှိသော အမှုတွဲအရေအတွက်နှင့် အခြေအနေများကို လွှတ်တော် အစည်းအဝေး ကျင်းပအကြိမ်တိုင်းတွင် ရှင်းလင်းတင်ပြရန် လိုအပ်ကြောင်း အဆိုတင်သွင်းရင်း နိဂုံးချုပ်အပ် ပါတယ်။ အားလုံးကို လေးစားပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကိုထောက်ခံမည့်ကိုယ်စားလှယ် တင်ပြဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမွန်းလိန်၊ မိုးနဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)။**အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌနှင့် တက်ရောက်လာသော လူကြီးမင်းများအားလုံး မင်္ဂလာပါလို့ ပဏာမ ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းမွန်းလိန် ဖြစ်ပါတယ်။ ယခု ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းထွန်းဉာဏ် တင်သွင်းလာသော **"လွှတ်တော်ရေးရာ ကော်မတီများ ကွင်းဆင်းလေ့လာပြီး သုံးသပ်ချက်၊ အကြံပြု ချက်၊ တင်ပြချက်အမှုတွဲများအပေါ် အစိုးရအဖွဲ့မှ အလေးထားပြီးဆောင်ရွက်ပေးရန်နှင့် လွှတ်တော်အစည်းအဝေး ကျင်းပအကြိမ်အတိုင်း ရှင်းလင်း တင်ပြပေးရန်"** အဆိုကို လေးလေး နက်နက် ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**အဆိုကိုပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံ ဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်း နိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းထွန်းဉာဏ် တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စား လှယ်(၁)ဦးကထောက်ခံသွားပါတယ်။ အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒကို ရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံ ဆွေးနွေးဖို့ သဘောမတူသည့် ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးစိုင်းထွန်းဉာဏ် ရဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်က တင်သွင်းတဲ့အဆိုကို ၂၀၁၈ခုနှစ်၊ မတ်လ ၂၉ ရက် (ကြာသပတေးနေ့)မှာ ဆွေးနွေးပါမယ်။

ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေ(၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ (၂၉. ၃. ၂၀၁၈)ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)၏ **"လွှတ်တော်ရေးရာ ကော်မတီများ ကွင်းဆင်းလေ့လာကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက် အမှုတွဲများအပေါ် အစိုးရအဖွဲ့မှ အလေးထားပြီး ဆောင်ရွက် ပေးရန်နှင့် လွှတ်တော်အစည်းအဝေး ကျင်းပအကြိမ်အတိုင်း ရှင်းလင်းတင်ပြပေးရန်"**အဆိုနှင့်စပ်လျဉ်း၍လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ဆွေးနွေးဖို့ စာရင်းပေးထားပါတယ်။ ပထမဦးစွာ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားကိုက အဆိုကို ဆွေးနွေး ဖို့ဖြစ်ပါတယ်။

**ဦးအားကို၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အတူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ (၂၈. ၃. ၂၀၁၈)ရက်နေ့တွင် ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ "လွှတ်တော်ရေးရာ ကော်မတီများ ကွင်းဆင်းလေ့လာကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက်အမှုတွဲများအပေါ် အစိုးရအဖွဲ့မှ အလေးထားပြီး ဆောင်ရွက်ပေးရန်နှင့် လွှတ်တော်အစည်းအဝေး ကျင်းပအကြိမ်အတိုင်း ရှင်းလင်းတင်ပြပေးရန်" အဆိုကို ဆွေးနွေး တင်ပြမည့် မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ တိုင်ကြားစာများစိစစ်ရေးကော်မတီ အတွင်းရေးမှူး တာဝန်ပေးအပ်ခြင်းခံရသူ ဦးအားကိုဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ တိုင်ကြားစာများစိစစ်ရေးကော်မတီကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၅. ၃. ၂၀၁၆) ရက်နေ့မှာ အဖွဲ့ဝင်(၇)ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ တာဝန်ပေးချက်အရ တိုင်ကြားစာများစိစစ်ရေးကော်မတီသို့ ရောက်ရှိလာသော တိုင်ကြားစာများကိုစိစစ်ရန် မြို့နယ်များအထိ သွားရောက်စိစစ်ခဲ့ရာ ၂၀၁၆ခုနှစ်တွင် အမှုတွဲ(၁၁)ခု၊ ၂၀၁၇ ခုနှစ်တွင် အမှုတွဲ(၃၀)ခု၊ ၂၀၁၈ခုနှစ်တွင် အမှုတွဲ(၅)ခု၊ စုစုပေါင်း အမှုတွဲ (၄၆)တွဲကို ကွင်းဆင်းစိစစ်နိုင်ခဲ့ပါတယ်။ ကွင်းဆင်းစိစစ် တွေ့ရှိချက်များ၊ အကြံပြုချက်များကို အစီရင်ခံစာနှင့်အတူ ရှမ်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့သို့ အမှုတွဲများလွှဲပြောင်းပေးပို့ခဲ့ရာ အမှုတွဲ(၁၁)တွဲသာ ရှမ်းပြည်နယ်အစိုးရမှ ဆောင်ရွက်ထားရှိမှု အခြေအနေကို ပြန်ကြားလာခဲ့ကြောင်း၊ (၂၃. ၃. ၂၀၁၈)ရက်နေ့ တိုင်ကြားစာများစိစစ်ရေးကော်မတီ၏ အစီရင်ခံစာတင်ပြရာတွင် ကျွန်တော်မှ ဖတ်ကြားတင်ပြပြီးဖြစ်ပါတယ်။

လွှတ်တော်ရေးရာကော်မတီများဟာ လွှတ်တော်ရုံးကြီး တစ်ခုလုံးရဲ့ ပုံရိပ်ကို အကောင်အထည်ဖော်ပေးနေတဲ့ လွှတ်တော်အသေးစားများဖြစ်သည်နှင့်အညီ လွှတ်တော်ရေးရာကော်မတီများ သက်ဝင်လှုပ်ရှားမှသာ ရှမ်းပြည်နယ်လွှတ်တော်ကြီးပုံရိပ် မြင့်မား လာမှာဖြစ်ပါတယ်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ဆုံးဖြတ် ပိုင်ခွင့်၊ စီရင်ပိုင်ခွင့်မရှိဘဲ လေ့လာတင်ပြခွင့်သာ ရှိပါတယ်။ ဒါ့ကြောင့် ဆုံးဖြတ်ပိုင်ခွင့်၊ စီရင်ပိုင်ခွင့်ရှိသော အစိုးရမှ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်၊ အထူးသဖြင့် လွှတ်တော်ရေးရာကော်မတီများ၏ ကွင်းဆင်းစိစစ်တွေ့ရှိချက်များ ကို အလေးထားပြီး ဆောင်ရွက်ပေးနိုင်မှသာ "ပြည်သူ့အသံ-လွှတ်တော်အသံ"၊ "ပြည်သူ့ဆန္ဒ-လွှတ်တော်ဆန္ဒ"၊ "ပြည်သူ့ လိုအပ်ချက်-လွှတ်တော်ကဖော်ဆောင်ရွက်" ဆိုတဲ့ လွှတ်တော် ဆောင်ပုဒ်ကို အကောင်အထည် ဖော်နိုင်မှာဖြစ်ပါတယ်။ တိုင်ကြားစာများစိစစ်ရေးကော်မတီဟာ ပြည်သူများ၏အသံကို ကွင်းဆင်းလေ့လာ တင်ပြနေတဲ့ ကော်မတီဖြစ်တာကြောင့် ဦးစိုင်းထွန်းဉာဏ်ရဲ့ အဆိုဟာ ကျွန်တော်တို့ကော်မတီနဲ့များစွာ ပတ်သက်နေပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်လွှတ်တော်ကြီး ပုံရိပ်မြင့်မား လာရေးအတွက် (၂၈. ၃. ၂၀၁၈)ရက်နေ့ ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ "လွှတ်တော်ရေးရာ ကော်မတီများ ကွင်းဆင်းလေ့လာကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက် အမှုတွဲများအပေါ် အစိုးရအဖွဲ့မှ အလေးထားပြီး ဆောင်ရွက်ပေးရန်နှင့် လွှတ်တော်အစည်းအဝေး ကျင်းပအကြိမ် အတိုင်း ရှင်းလင်းတင်ပြ ပေးရန်" အဆိုအား လေးလေးနက်နက် ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းလုံက အဆိုကိုဆွေးနွေးဖို့ဖြစ် ပါတယ်။

**ဦးစိုင်းလုံ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံ ဖြစ်ပါတယ်။ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်၏ "လွှတ်တော်ရေးရာကော်မတီများ ကွင်းဆင်း လေ့လာကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက်အမှုတွဲများအပေါ် အစိုးရအဖွဲ့မှ အလေးထားပြီး ဆောင်ရွက်ပေးရန်နှင့် လွှတ်တော်အစည်းအဝေး ကျင်းပအကြိမ်အတိုင်း ရှင်းလင်းတင်ပြ ပေးရန်" အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြသွားသည့်အတိုင်း လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိက တာဝန်ရှိသည့် ဥပဒေပြုခြင်း၊ ကိုယ်စားပြုခြင်း၊ စောင့်ကြည့်ထိန်းကျောင်းခြင်းဆိုသည်နှင့်အညီ ပြည်သူတို့၏ လိုအပ်ချက်အပေါ် ပြည်နယ်အစိုးရ၏ ဆောင်ရွက်ပေးနေမှု အခြေအနေ၊ ဆောင်ရွက်ပေးသည့် ကတိကဝတ် များကို ပြည်သူများထံ ပြန်လည်အသိပေးသင့်ပါတယ်။

တရားဥပဒေစိုးမိုးမှုကို ထိန်းသိမ်းရန်၊ ဘဏ္ဍာရေး တာဝန်ခံမှုနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်အား တာဝန်ခံမှု ရှိစေရန် အုပ်ချုပ်ရေး လုပ်ငန်းများသည် ပွင့်လင်းမြင်သာမှုနှင့် ရိုးသားမှုရှိကြောင်း၊ သေချာ စေရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များမှ စောင့်ကြည့် လေ့လာခြင်းဖြင့် လွှတ်တော်၏ပုံရိပ်အခန်း ကဏ္ဍပိုမိုထင်ရှား ပေါ်လွင်နိုင်ရန် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုများ တိုးပွားလာစေရန်၊ လွှတ်တော်ကိုယ်စားလှယ်များမှ ဆောင်ရွက်ရန် အဓိက တာဝန်ရှိပါတယ်။ ပြည်သူလူထုအနေဖြင့် နောက်ဆုံးရွေးချယ်ရာ၊ အားကိုးရာအဖြစ် လွှတ်တော်ရေးရာကော်မတီကို တင်ပြတိုင်ကြား လာခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အောက်ခြေအစိုးရ ဌာနအဖွဲ့အစည်း အဆင့်ဆင့်၏ စီမံဆုံးဖြတ်မှုများကို မယုံကြည်၍ အစိုးရအဖွဲ့နှင့် ဘေးတိုက်ထိန်းကျောင်း နေသော ရေးရာကော်မတီ များကို ဖြစ်စဉ်များနှင့် ပတ်သက်၍ ကွင်းဆင်းလေ့လာသုံးသပ်၊ အကြံပြုချက်များဖြင့် ထိပ်ပိုင်းအစိုးရ အဖွဲ့အစည်းများကို သိသာ မြင်သာရှိစေခြင်း၊ ဖြေရှင်းဆောင်ရွက်ပေးစေခြင်းသာဖြစ်ပါတယ်။

လွှတ်တော်ရေးရာကော်မတီများမှလည်း လွှတ်တော်ဥက္ကဋ္ဌ ၏စီမံမှုဖြင့် အချိန်၊ ငွေ၊ လုပ်အားများစွာဖြင့် ကွင်းဆင်းစိစစ်လေ့လာ ကြားနာပြီး၊ သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက်အမှုတွဲများ သည် လက်လွတ်စပယ် ဆောင်ရွက်ခဲ့ခြင်းမဟုတ်၊ ထူးခြားဖြစ်စဉ် အမှုတွဲများ ဖြစ်နေပါတယ်။ လွတ်လပ်စွာ၊ ဘက်လိုက်မှုကင်းစွာ၊ လေ့လာသုံးသပ် အကြံပြုထားခြင်း ဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီမှလည်း ပြည်သူမှ တင်ပြ/တိုင်တန်းလာမှုအပေါ် လုပ်ငန်းစီမံချက်များ ရေးဆွဲ၍ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် (၄)ကြိမ်မြောက် ကွင်းဆင်းစိစစ်ရာ တွင် ပထမအကြိမ် အဖြစ် ၂၀၁၆ ခုနှစ်၊ (၁၀)လပိုင်း၌ အမှု(၃)မှု၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၇ ခုနှစ်၊ (၅)လပိုင်း၌ (၆)မှု၊ တတိယ အကြိမ်အဖြစ် ၂၀၁၇ ခုနှစ်၊ (၁၀)လပိုင်း၌ (၁၅)မှု၊ စတုတ္ထအကြိမ် အဖြစ် ၂၀၁၈ ခုနှစ်၊ (၁)ပိုင်း၌ (၅)မှု၊ အစီရင်ခံစာ စုစုပေါင်း(၂၉)မှု တင်ပြီး ပြည်နယ်အစိုးရအဖွဲ့မှ ရေးရာကော်မတီသို့ အမှု (၄)မှုသာ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ပြန်လည်ဖြေရှင်းခဲ့ပါတယ်။ ပြန်ကြားရှင်းလင်းခဲ့သော အမှုတစ်ခုအား

သာဓကအနေဖြင့် ၂၀၁၇ ခုနှစ်၊ (၅)လပိုင်း၌ အစီရင်ခံစာ(၁)စောင်၊ အမှုတစ်စောင်အား ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ နောက်ဆုံးပိုင်းမှ ဆောင်ရွက်ထားရှိမှု အခြေ အနေအား ပြန်ကြားစာပေးပို့ပြီး နောက်ပိုင်းကျန်ရှိ အစီရင်ခံစာ ထပ်မံပေးပို့လာခြင်း မရှိတော့ပါ။

ပြည်နယ်အစိုးရအနေဖြင့် ယခင်ကာလဖြစ်ပျက်မှုများကို ရေးရာကော်မတီများ၏ လေ့လာတွေ့ရှိချက်များအပြင် ပြည်နယ်အဆင့်၌ အလေးထားပြီး ဆက်လက်ဆောင်ရွက်သင့်ပါတယ်။ အမှုတွဲတစ်ခုချင်းစီအလိုက် မည်ကဲ့သို့ဆက်လက် ဆောင်ရွက် နေကြောင်း လွှတ်တော်အစည်းအဝေးများတွင် ရှင်းလင်းပေးသင့် ပါတယ်။ သို့မှသာ လွှတ်တော်အစိုးရ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်သူများ ခံစားနေရသော (ထူးခြားပြဿနာကိစ္စများ) ဖြေရှင်း ဆောင်ရွက်ခြင်းအားဖြင့် အစိုးရဂုဏ်သိက္ခာ၊ ပြည်သူလူထုယုံကြည်မှု၊ အားကိုးမှု တိုးတက်လာမည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ "လွှတ်တော်ရေးရာကော်မတီများ ကွင်းဆင်းလေ့လာကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက် အမှုတွဲ များအပေါ် အစိုးရအဖွဲ့မှ အလေးထားပြီး ဆောင်ရွက်ပေးရန်နှင့် လွှတ်တော်အစည်းအဝေး ကျင်းပအကြိမ်အတိုင်း ရှင်းလင်းတင်ပြ ပေးရန်" အဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသန်းထိုက်က အဆိုကိုဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အတူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်း မေတ္တာပို့သရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးသန်းထိုက်ဖြစ်ပါတယ်။ လေးစားအပ် ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ် များခင်ဗျာ။ ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ "လွှတ်တော်ရေးရာကော်မတီများ ကွင်းဆင်းလေ့လာ ကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက် အမှုတွဲများအပေါ် အစိုးရအဖွဲ့မှ အလေးထားပြီး ဆောင်ရွက်ပေးရန်နှင့် လွှတ်တော်အစည်းအဝေး ကျင်းပအကြိမ် အတိုင်း ရှင်းလင်းတင်ပြပေးရန်" အဆိုနှင့် စပ်လျဉ်း၍ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးသန်းထိုက်က ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄ နှင့် နည်းဥပဒေ ၆၂ အရ ဖွဲ့စည်းထားသော ရေးရာကော်မတီအသီးသီးတို့ တာဝန် ပေးအပ်ခဲ့ချိန်မှစပြီး သက်ဆိုင်ရာ ကော်မတီအသီးသီးထံသို့ အကြောင်းအမျိုးမျိုးဖြင့် တင်ပြ/တိုင်ကြားလာသော အမှုတွဲ အရေအတွက်ကို ကြည့်ခြင်းအားဖြင့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်အပေါ် ပြည်သူများ ယုံကြည်အားကိုးမှု မည်မျှရှိသည်ကို သိရှိနိုင်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဆောင်ပုဒ်ဖြစ်တဲ့ "ပြည်သူ့အသံ- လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ-လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက်-လွှတ်တော်ကဖော်ဆောင်ရွက်" ဆိုတဲ့ ဆောင်ပုဒ်နဲ့ အညီ ဖော်ဆောင်ရမှာဖြစ်သလို၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက်လည်း လွှတ်တော်မှ ရေးရာကော်မတီများကို ဖွဲ့စည်း တာဝန်ပေးအပ်ထားခြင်းလည်း ဖြစ်ပါတယ်။

ဒါကြောင့်မိမိတို့ ရေးရာကော်မတီအသီးသီးမှလည်း လွှတ်တော်မှ တာဝန်ပေးချက်အရ ဖွဲ့စည်းထားသော ကော်မတီများ ဖြစ်သည်နှင့်အညီ ကော်မတီလုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များကို လွှတ်တော်ဥက္ကဋ္ဌလမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်နေကြ သူများက ရေးရာကော်မတီအားကောင်းမှ

လွှတ်တော်အားကောင်း လာမည်ဖြစ်ပြီး လွှတ်တော်အပေါ် ပြည်သူများ၏ ယုံကြည်မှုများ ရရှိလာမည်ဟူသော ရည်မှန်းချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေကြသော လွှတ်တော်အငယ်စားလည်းဖြစ်ပါတယ်။

ရေးရာကော်မတီအသီးသီးထံသို့ ရောက်ရှိလာသော တင်ပြ/တိုင်ကြားစာအမှုတွဲများကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ အကြံပြုတင်ပြချက်အတိုင်း သက်ဆိုင်ရာကော်မတီများအလိုက် အစည်းအဝေးများ ပြုလုပ်ပြီး တိုင်ကြားစာပါအချက်အလက်များ၏ အမှုတွဲတစ်ခုချင်းကိုလေ့လာ၍ အမှုနှင့်သက်ဆိုင်သည့် ရေးရာကော်မတီများထံသို့ လွှဲပြောင်းပေးခြင်း၊ မဖြစ်မနေဆောင်ရွက် ပေးသင့်သည့် ဦးစားပေးအဆင့်၊ သာမန်အဆင့် (သို့မဟုတ်) မှတ်တမ်းတင်ထားပြီး၊ နောက်မှဆောင်ရွက်ရန် စသည့် စနစ်တကျ စီစဉ်ထားရှိပြီး၊ ထိုအမှုတွဲများအထဲမှ မဖြစ်မနေဆောင်ရွက်ရမည့် ကိစ္စရပ်များကို ကော်မတီအစည်းအဝေးပြုလုပ်၍ အစည်းအဝေးဆုံးဖြတ်ချက်များအရ မြေပြင်ကွင်းဆင်းစီမံချက်များရေးဆွဲပြီး လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့်သာ မြေပြင်ကွင်းဆင်း ဆောင်ရွက်ခြင်းများ လုပ်ဆောင်ခဲ့ခြင်းလည်းဖြစ်ပါတယ်။ ဆိုလိုရင်း ကတော့ ရေးရာကော်မတီများသည် ရောက်ရှိလာသော အမှုတွဲများကို စနစ်တကျစိစစ်ပြီးမှ ဆောင်ရွက်ကြခြင်းဖြစ်သောကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း ရေးရာကော်မတီများမှ တင်ပြလာသော အမှုတွဲများအပေါ် အလေးထားဆောင်ရွက်ပေးဖို့ လိုအပ်မှာလည်း ဖြစ်ပါတယ်။

မိမိတို့ရေးရာကော်မတီများသည် ကွင်းဆင်းဆောင်ရွက်ခြင်းများ ဖော်ဆောင်ရာတွင်လည်း ဘက်မလိုက်ဘဲ မျှတမှန်ကန်စွာ ဖြင့် အမှုတွဲနှင့်ပတ်သက်သော အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကို တွေ့ဆုံကြားနာ၊ မြေပြင်ကွင်းဆင်းပြီးမှ စိစစ်တွေ့ရှိချက်၊ သုံးသပ် အကြံပြုချက်များကို အစီရင်ခံစာပြုစုပြီး လွှတ်တော် ဥက္ကဋ္ဌမှ တစ်ဆင့် ပြည်နယ်အစိုးရကိုပေးပို့ခြင်းလည်းဖြစ်ပါတယ်။ သို့ပါသောကြောင့် ကော်မတီမှ ပေးပို့လာသော အမှုတွဲများအပေါ် ပြည်နယ်အစိုးရအနေဖြင့် အောက်ခြေမှတင်ပြချက်များအတိုင်း မဆောင်ရွက်သင့်ပါ။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်း အဝေး(ဒုတိယနေ့)၌ တိုင်ကြားစာများ စိစစ်ရေးကော်မတီ အစီရင်ခံစာတွင် ကော်မတီ၏အစီရင်ခံစာအပေါ် ပြည်နယ်အစိုးရမှ ဖြေရှင်းဆောင်ရွက်ချက်များကို ကြည့်လျှင် ယခင်စိစစ်တင်ပြချက်အတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ရေးရာကော်မတီ၏ အစီရင်ခံစာနှင့် ကွဲလွဲမှုများရှိနေသည်ကို တွေ့ရှိရပါတယ်။

သာဓကအနေဖြင့် ကလောမြို့နယ်အတွင်း သာမိုင်းခမ်း ကျေးရွာအုပ်စု၊ ဦးချစ်လှိုင်၏ တပ်သိမ်းမြေကိစ္စနှင့် စပ်လျဉ်း၍ နစ်နာကြေး/လျော်ကြေးပေးအပ်ရန် အစီအစဉ်မရှိဟု၊ အမှန် တကယ်မှာ မိမိတို့ကလောမြို့နယ် လယ်မြေယာနှင့် အခြားမြေ များ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီကို ကြည့်လျှင် ခရိုင်မှ အသိပေးအကြောင်းကြားရန် ဟုပြောကြား ထားသည်ကိုတွေ့ရှိရပြီး ကော်မတီအနေဖြင့် တိုင်ကြားသူသည် အမှန်တကယ် နစ်နာကြေး/လျော်ကြေး မရရှိခဲ့ခြင်းကြောင့် ထိုက်သင့်သော လျော်ကြေးပေးရန် သင့်ပါကြောင်း သဘောထားမှတ်ချက်ပေးပို့ ထားပြီးလည်း ဖြစ်ပါတယ်။ အမှုတွဲကို ကြည့်ခြင်းအားဖြင့် ယခင်စိစစ်တွေ့ရှိချက်အတိုင်း ပြောကြားဆောင်ရွက်ခြင်း ဖြစ်ကြောင်း ထင်ရှားနေပါတယ်။

ထို့ကြောင့် ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ "လွှတ်တော်ရေးရာကော်မတီများ ကွင်းဆင်း လေ့လာ ကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက် အမှုတွဲများအပေါ် အစိုးရအဖွဲ့မှ အလေးထားပြီး ဆောင်ရွက်ပေးရန်နှင့် လွှတ်တော် အစည်းအဝေး ကျင်းပအကြိမ်အတိုင်း ရှင်းလင်းတင်ပြပေးရန်" အဆိုအား လေးလေးနက်နက်ထောက်ခံတင်ပြအပ်ပါတယ်။

တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီမှ (၂၇-၁-၂၀၁၇)ရက်နေ့မှ (၃-၂-၂၀၁၇)ရက်နေ့အထိ အမှုတွဲ (၁၀)ခုအား ကွင်းဆင်းစိစစ်ခြင်းဆောင်ရွက်ခဲ့ပြီး စိစစ် တွေ့ရှိချက်အပေါ် လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ပြည်နယ် အစိုးရထံသို့ ဖြေရှင်းဆောင်ရွက်ပေးရန် တင်ပြခဲ့ရာ ယခု၂၀၁၈ ခုနှစ်ရောက်ချိန်အထိ အမှုတွဲ(၁၀)ခုထဲမှ (၂)ခုကိုသာ ဖြေရှင်း ဆောင်ရွက်ထားမှုကို ပေးပို့လာပါတယ်။

ဒါဟာ မိမိတို့ ကော်မတီ (၁)ခုထဲသာမကပဲ အခြားကော်မတီများလည်း အတူတူပဲ ဖြစ်ပါ တယ်။ ကော်မတီများမှ ပေးပို့ထားသော အစီရင်ခံစာများအပေါ် ပြည်နယ်အစိုးရအနေဖြင့် ဖြေရှင်းဆောင်ရွက်မှုသည် အင်မတန်မှ နည်းပါးနေပြီး ပြည်သူများမှ ယုံကြည်အားကိုးစွာဖြင့် တင်ပြ တိုင်ကြားလာမှုများကို လွှတ်တော်မှ ဖော်ဆောင်မှုများအပေါ် တွင်လည်း မေးခွန်းထုတ်လာကြပြီ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ် ခင်ဗျား။ဦးစိုင်းထွန်းဉာဏ်၊ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ၏ **“လွှတ်တော်ရေးရာကော်မတီများ ကွင်းဆင်းလေ့လာ ကြားနာ ပြီးသုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက်အမှုတွဲများအပေါ် အစိုးရအဖွဲ့မှအလေးထားပြီးဆောင်ရွက်ပေးရန်နှင့်လွှတ်တော် အစည်းအဝေးကျင်းပအကြိမ်အတိုင်း ရှင်းလင်းတင်ပြပေး ရန်”** အဆိုနဲ့စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးတာဝန်ယူ ထားတဲ့ ကျွန်တော် ဦးစိုင်းလုံကျော်မှ ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်နှင့်အညီ လွှတ်တော်အစည်းအဝေးရပ်နားချိန်များတွင် ပြည်သူလူထုမှ လွှတ်တော်ရေးရာကော်မတီများသို့ တင်ပြလာသော တိုင်ကြားလာသော ကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ရေးရာကော်မတီများမှ ကွင်းဆင်းလေ့လာကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက်များနှင့်အတူ အမှုတွဲများကို လွှတ်တော် ဥက္ကဋ္ဌသို့ ပေးပို့ပြီး ထိုမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ သို့ပေးပို့လာပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တိုင်ကြားစာများ စိစစ်ရေးကော်မတီမှ ကွင်းဆင်းစိစစ်ဆောင်ရွက်ပြီးသည့် အမှုတွဲ စုစုပေါင်း (၄၁)တွဲအား ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ပေးပို့လာသည့် အနက် ရှမ်းပြည်နယ်လွှတ်တော်သို့ အမှုတွဲ(၁၆)တွဲပြန်ကြားပြီး အမှုတွဲ(၂၅)တွဲအား ပြန်ကြားရန် စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တရားဥပဒေ စိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီမှ ကွင်းဆင်းစိစစ် ဆောင်ရွက်ပြီး သည့် အမှုတွဲ စုစုပေါင်း(၂၅)တွဲအား ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ပေးပို့လာသည့်အနက် ရှမ်းပြည်နယ်လွှတ်တော်သို့ အမှုတွဲ (၉)တွဲ ပြန်ကြားပြီးဖြစ်ပါကြောင်းနှင့် အမှုတွဲ(၁၆)တွဲအား ရှမ်းပြည်နယ် လွှတ်တော်သို့ ပြန်ကြားနိုင်ရေးအတွက် စိစစ် ဆောင်ရွက်လျက် ရှိပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီမှ ကွင်းဆင်းစိစစ်ဆောင်ရွက်ပြီးသည့် အမှုတွဲစုစုပေါင်း (၁၀)တွဲအား ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ပေးပို့လာသည့်အနက် ရှမ်းပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ရှမ်းပြည်နယ်လွှတ်တော်သို့ အမှုတွဲ(၂)တွဲ ပြန်ကြားပြီးဖြစ်ပြီး အမှုတွဲ (၈)တွဲအား ရှမ်းပြည်နယ်လွှတ်တော်သို့ ပြန်ကြားနိုင်ရေး စိစစ်ဆောင်ရွက်လျက် ရှိပါကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီမှ ကွင်းဆင်းစိစစ်ဆောင်ရွက်ပြီးသည့် အမှုတွဲစုစုပေါင်း(၃)တွဲအား ရှမ်းပြည်နယ် လွှတ်တော်သို့ ပြန်ကြားနိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက် ရှိပါတယ်။ အထက်ပါ လွှတ်တော်ရေးရာကော်မတီများမှ အစိုးရအဖွဲ့သို့ ပေးပို့ထားသော ကွင်းဆင်းလေ့လာကြားနာပြီးသည့် အမှုတွဲများနှင့် ပတ်သက်ပြီး ဆောင်ရွက်ပြီးသည့် အမှုတွဲများကို

ရှင်းလင်းတင်ပြနိုင်ရေးအတွက် လွှတ်တော်ဥက္ကဋ္ဌမှ ပြည်နယ်ဝန်ကြီးချုပ်သို့ ညှိနှိုင်းလာပါက ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့် သက်ဆိုင်ရာ ရေးရာကော်မတီများသို့ ပြည်နယ်အဆင့်ဌာနဆိုင်ရာ များအား စေလွှတ်ပြီး ရှင်းလင်းတင်ပြစေမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်၏ တင်ပြသော အဆိုသည် မှန်ကန်သင့်လျော်သောအဆိုဖြစ်သဖြင့် လွှတ်တော် အစည်းအဝေးတွင် ရှင်းလင်းတင်ပြခြင်းအစား သက်ဆိုင်ရာ ရေးရာကော်မတီများသို့ တာဝန်ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ လာရောက်ရှင်းလင်း တင်ပြစေသင့်ပါကြောင်း ပြောင်းလဲအတည်ပြု ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်း ဝင်က ဒီအဆိုနှင့်ပတ်သက်ပြီး လွှတ်တော်အစည်းအဝေးတွင် ရှင်းလင်းတင်ပြခြင်းအစား သက်ဆိုင်ရာရေးရာ ကော်မတီများသို့ တာဝန်ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာများမှ လာရောက်ရှင်းလင်းတင်ပြစေသင့်ပါကြောင်း ပြောင်းလဲအတည်ပြုပေးနိုင်ပါရန်နှင့် အဆိုကို အတည်ပြုကြောင်း တင်ပြလာပါတယ်။ ဒါကြောင့် ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ် တင်သွင်းသည့် အဆိုကို အတည်ပြု ရန်အတွက် လွှတ်တော်၏ဆန္ဒကို ရယူမှာဖြစ်ပါတယ်။ ကျောက်မဲ မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ် တင်သွင်းသည့် အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင် မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကသဘောတူသည့်အတွက် ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်၏ အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။